## မိမိနိုင်ငံနှင့်သင့်လျော်သည့် ရွေးကောက်ပွဲစနစ်ကျင့်သုံးရေး

မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပဲစနစ်ပြောင်းလဲကျင့်သုံးရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်များတွင် မဲများသူအနိုင်ရသည့်စနစ် (First Past the Post-FPTP)၊ အချိုးကျကိုယ်စားပြုစနစ် (Proportional Representing-PR)၊ တစ်စိတ်တစ်ပိုင်း အချိုးကျစနစ် (Semi-Proportional System) တို့ရှိသည့်အနက် အချိုးကျကိုယ်စားပြုစနစ် (PR) ကို အဓိကထား၍ ဆွေးနွေးနေခြင်းဖြစ်သည်။

PR ကို ဒိန်းမတ်၊ ဆွဇ်ဇာလန်၊ ဘယ်ဂျီယံ၊ ဖင်လန် စသည့်ဥရောပနိုင်ငံများတွင် ၁၉ရာစုခေတ် လယ်ကာလခန့်ကပင် စတင်ကျင့်သုံးခဲ့ကြခြင်းဖြစ်ပြီး မဲအများဆုံးသူအနိုင်ယူသည့်စနစ်၏ အားနည်းချက် ကြောင့် PR စနစ်ကို ကျင့်သုံးခဲ့ကြခြင်းလည်းဖြစ်သည်။ လူမျိုးစုများ၊ နိုင်ငံရေးပါတီများအများအပြားရှိနေသည့် ပြည်ထောင်စုပုံစံ ဖွဲ့စည်းထားသည့် နိုင်ငံများတွင် အချိုးကျကိုယ်စားပြုစနစ်က ပို၍ ဒီမိုကရေစီနည်းလမ်း ကျသည်ဟု ယုံကြည်ယူဆကြခြင်းလည်း အကြောင်းရင်းခံတစ်ရပ်ဖြစ်သည်။ မဲအများဆုံးသူအနိုင်ယူ သည့်စနစ်က လွှတ်တော်အတွင်း အနိုင်ရပါတီတစ်ခုတည်းကို လွှမ်းမိုးသွားစေကာ ပါတီငယ်များ၊ လူမျိုးစု လူနည်းစုများ၊ တစ်သီးပုဂ္ဂလိကများအနေဖြင့် ဘေးရောက်သွားစေမည့် မမျှတမှုမျိုးဖြစ်ပေါ်လာစေသည်။ ဒီမိုကရေစီစနစ်အတွင်းမှာပင် အုပ်စုဖွဲ့ဗိုလ်ကျသည့် အလေ့အထပေါ်ပေါက်လာစေပြီး အာဏာရပါတီ၏ ထင်ရာစိုင်းမှုနှင့်အတူ မဏ္ဍိုင်သုံးရပ်အတွင်း အပြန်အလှန်ထိန်းကျောင်းမှုပါ ပျက်ယွင်းလာစေသည်ကို မိမိတို့တွေ့မြင်ခဲ့ရပြီးလည်းဖြစ်သည်။

ရွေးကောက်ပွဲစနစ်တစ်ရပ်ကို ကျင့်သုံးရာတွင် နိုင်ငံ၏မျောက်မှောက်ကာလ ပကတိအခြေအနေနှင့် ကိုက်ညီမည့်စနစ်ကို ကျင့်သုံးကြရမည်သာဖြစ်ပြီး စနစ်များအားလုံးတွင် အားသာချက်/အားနည်းချက် များရှိကြသည်ကိုလည်းကောင်း၊ မိမိနိုင်ငံနှင့်ကိုက်ညီမည့် ဒီဇိုင်းကို ရေးဆွဲကျင့်သုံးခြင်းကသာ လက်တွေ့ နှင့် ကိုက်ညီဆီလျော်နိုင်မည်ဖြစ်သည်ကိုလည်း နှလုံးသွင်းထားကြရမည်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၀ ပြည့် နှစ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း၈၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ PR စနစ်ကို ကျင့်သုံးပါက နိုင်ငံရေးပါတီများအကြားအမြင်မတူမှု၊ အကျိုးစီးပွားရည်မှန်းချက်ချင်းဆန့်ကျင်မှုတို့ကြောင့် နိုင်ငံရေး မတည်ငြိမ်မှုများ ဖြစ်ပေါ်လာခြင်း၊ စည်းလုံးညီညွတ်မှုကို ထိခိုက်စေခြင်းတို့ ဖြစ်ပေါ်မလာစေရန် နိုင်ငံရေး ယဉ်ကျေးမှုမြင့်မားရန် လိုအပ်မည်ဖြစ်သည်။ အထူးသဖြင့် အစိုးရတစ်ရပ်အနေဖြင့် မူဝါဒများချမှတ်ခြင်း၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် လျင်မြန်သွက်လက်ထက်မြက်စွာ အကောင်

အထည်မဖော်နိုင်ဘဲ နိုင်ငံရေးဖြစ်စဉ်များနှောင့်နှေးမှုများ ဖြစ်ပေါ်လာနိုင်သည်ကိုလည်း မျှော်တွေးကာ ရွေးကောက်ပွဲစနစ် ချမှတ်စဉ်ကပင် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

မိမိတို့နိုင်ငံအနေဖြင့် အတိတ်ကာလက ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲများတွင် နိုင်သူအကုန်ယူသည့် (FPTP) စနစ်ကို ကျင့်သုံးခဲ့ပြီးဖြစ်သလို ၎င်းစနစ်၏ အားသာချက်၊ အားနည်းချက် တို့ကိုလည်းကြုံတွေ့ခဲ့ကြရပြီးဖြစ်သည်။ ယခုအခါ အချိုးကျကိုယ်စားပြုစနစ် (PR) ကို မိမိတို့နိုင်ငံနှင့် ကိုက်ညီမည့်ပုံစံဖြင့် ကျင့်သုံးသွားရန် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ စိတ်ပါဝင်စားသူအရပ်ဘက်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ ဆွေးနွေးခြင်း၊ စာတမ်းများဖတ်ကြားခြင်းတို့ ဆောင်ရွက်နေကြခြင်းက နိုင်ငံနှင့် ပြည်သူတို့၏ အနာဂတ်ကောင်းကျိုးကို ရည်မျှော်၍ ကြိုးပမ်းထမ်းဆောင်နေကြခြင်းဟု ရှုမြင်ကြရမည်ဖြစ်ပါကြောင်း။ ။

**Source:၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ ၇ရက်နေ့ထုတ်၊**

**မြန်မာ့အလင်းသတင်းစာ**